
မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်

ခန်းကျည်းတန်ကျေးရွာအုပ်စု၊ လယ်တီကျေးရွာ၏

# ကျေးရွာလက်စွဲစာအုပ်





၁၈-၅-၂၀၁၇

Scanned by CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်း လမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလာဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာနားလည်သဘောပေါက် လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင်ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါအချက်အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူ စရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး၊ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပိုမို၍အားသွန်ခွန် စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ ယခုကဲ့သို့ကျေးရွာသူကျေးရွာသားများ စုစည်းညီညာစွာတိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရေရှည်ပို၍ထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ်လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် .
နှင့် ကျေးရွာသူကျေးရွာသားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်း ဝန်ထမ်း များ၊ ကျေးရွာရပ်မိရပ်ဖများ၊ . .ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တတ်သည့် ပညာရှင်များပင်ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး

လယ်တီကျေးရွာ၊ မန်ကျီးကန်အုပ်စု

မြိုင်မြို့နယ်

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ မန်ကျည်းကန်ကျေးရွာအုပ်စု၊ လယ်တီကျေးရွာ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ အခြေအနေ တင်ပြချက်

ရက်စွဲ ၂၈-၁၂-၂၀၂၀

| စဉ် | ဆောင်ရွက်လိုသည့် လုပ်ငန်းအမည် | ခန့်မှန်းကုန်ကျစရိတ် (ကျပ်သိန်း) | လုပ်ငန်းဆောင်ရွက်ရန် ရံပုံငွေ ရရှိမှု (ကျပ်သိန်း) | | | | အကျိုးပြုအိမ်ထောင်စု | စိမ်ကိန်းလွှမ်းခြုံမည့် ကေ/ဦးရေ | ဦးစားပေးအဆင့် | လုပ်ငန်းတိုးတက်မှုအခြေအနေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူ့ထည့်ဝင်မှု | နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် | နိုင်ငံခြားအကူအညီ အထောက်အပံ့ | စုစုပေါင်း | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| က | ရေရရှိရေးလုပ်ငန်း(ရေတွင်း/အုတ်ရေကန်) | ၁၅၂.၃၀ | ၅၂.၃၀ | ၁၀၀ | - | ၁၅၂.၃၀ | ၂၂၅ | | ၁ | |
| ခ | ချောင်းကူးတံတား (အလျား-၂၀၀ ပေ အမြင့်-၁၂ ပေ၊ အကျယ်-၆ ပေ | ၅၀၀ | ၁၀၀ | ၄၀၀ | | ၅၀၀ | ၈၀၀ | ၅-ရွာ | ၂ | |
| ဂ | ကျေးရွာစာကြည့်တိုက် | ၂၀ | ၅ | ၁၅ | | ၂၀ | ၂၂၅ | ၂၂၅ | ၃ | |
| ဃ | လခွဲကျောင်းဆောင်သစ် | ၅၀၀ | ၂၀၀ | ၃၀၀ | | ၅၀၀ | ၂၂၅ | ၂၂၅ | ၄ | |

Scanned by CamScanner

## ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်

- ကျေးရွာအမည် - လယ်တီကျေးရွာ
- ကျေးရွာအုပ်စု - မန်ကျီးကန်ကျေးရွာအုပ်စု
- မြို့နယ် - မြိုင်မြို့နယ်
- တိုင်းဒေသကြီး - မကွေးတိုင်း
- မိသားစု စုစုပေါင်း - (၂၅၀)
- အိမ်ထောင်စုပေါင်း - (၂၁၉)

**အသက်အပိုင်းအခြားအလိုက်ဦးရေ**

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | | | |
| ၀ မှ ၅ နှစ်အောက် | | | |
| ၅ မှ ၁၃ နှစ်အောက် | | | |
| ၁၃ မှ ၁၈ နှစ်အောက် | | | |
| ၁၈ မှ ၃၅ နှစ်အောက် | | | |
| ၃၅ မှ ၆၀ နှစ်အောက် | | | |
| ၆၀နှစ်နှင့် အထက် | | | |

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစု စုစုပေါင်း | | | | |
| အမျိုးသမီးဦးဆောင်မိသားစု စုစုပေါင်း | | | | |
| မသန်စွမ်းဦးဆောင်မိသားစု | | | | |

**အဓိကအသက်မွေးဝမ်းကြောင်းနှင့်ပါတ်သက်သောပိုင်ဆိုင်မှုများ**

- ဆိုင်ကယ်
- ဖုန်း
- နွားလှည်း
- နွားလှည်း(ရေ)
- တီဗွီ/ဗီဒီယို
- စက်ဘီး
- ဂြိုလ်တု စလောင်း

Scanned by CamScanner

- နွားစာစဉ်းစက် ၁၇ လုံး
- ဆီကြိတ်စက် ၂ လုံး
- အပ်ချုပ်စက် ၆ လုံး
- လယ်ထွန်စက် ၂ စီး
- လက်တွန်းထွန်စက် ၂ စီး
- ကား ၅ စီး
- သုံးဘီး ၄ စီး
- ထော်လာဂျီ ၁ စီး
- ရေနံတူးစက်

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

- နွား(ခိုင်း) ၈၀ ကောင်
- နွား(မွေး) ၃၀ ကောင်
- ဝက်
- ကြက်ခြံ ၁ ခြံ
- ဆိတ် ၅ ဦး

ရွှေ့ပြောင်းလုပ်သားဦးရေ

- ပြည်တွင်း
- ပြည်ပ

စိုက်ပျိုးမြေပိုင်ဆိုင်မှု (ဧက)

- လယ်မြေ
- ယာမြေ
- သနပ်ခါးစိုက်ပျိုးမြေ
- စားကျက်မြေ
- သစ်တောမြေ-

သောက်သုံးရေရရှိမှု

- အဝီစိစက်ရေတွင်း ၁ တွင်း
- ရေလှောင်ကန်
- ဝွေကျယ်ရေတွင်း ၂ တွင်း
- မြေသားရေကန် ၂ ကန်
- ရေပိုက်လိုင်းသွယ်
- မြစ်
- ချောင်း ရှိ

Scanned by CamScanner

- ➢ ဆည် ရှိ
- ➢ လက်နှိပ်တုံကင်
- ➢ ရေပိုက်လိုင်းသွယ်

**အလုပ်အကိုင်ပိုင်ဆိုင်မှုနှင့်ထိခိုက်လွယ်အုပ်စုအမျိုးအစားအရေမှတ်တမ်း**

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| 1 | နေ့စားလုပ်သား | |
| 2 | ထန်းတောပိုင်သူ<br>• ထန်းပင်(၂၀)အောက်ပိုင်သူ<br>• ထန်းပင်(၂၀ မှ ၅၀ကြား) ပိုင်သူ<br>• ထန်းပင်(၅၀ မှ ၁၀၀ ကြား)ပိုင်သူ<br>• ထန်းပင်(၁၀၀)အထက် ပိုင်သူ | |
| 3 | ထန်းလုပ်သား | |
| 4 | ဈေးရောင်း<br>• အကြော်/ပဲပြုတ်<br>• ဟင်းသီးဟင်းရွက်<br>• ကုန်စုံဆိုင် (အကြီး)<br>• ကုန်စုံဆိုင် (အသေး) | <br>၃ ဦး<br>၁ ဦး<br>၁ ဦး<br>၄ ဦး |
| 5 | လယ်ယာပိုင်သူ<br>• လယ်/ယာ(၁)ဧက အောက်ပိုင်သူ<br>• လယ်/ယာ(၂)ဧက အောက်ပိုင်သူ<br>• လယ်/ယာ(၃)ဧက အောက်ပိုင်သူ<br>• လယ်/ယာ(၄)ဧက အောက်ပိုင်သူ<br>• လယ်/ယာ(၅ မှ ၉))ဧက ကြားပိုင်သူ<br>• လယ်/ယာ(၁၀)ဧကနှင့် အထက်ပိုင်သူ | |

**ပညာရေးအခြေအနေ**

**ကျောင်းအမျိုးအစား/ဝန်ထမ်း**

- ➢ ကျောင်းဆရာ/ဆရာမ ဦးရေ
- ➢ မူကြို ၁ ဦး
- ➢ မူလတန်း ၁ ဦး
- ➢ မူလွန် ၁ ဦး

Scanned by CamScanner

| | | |
|---|---|---|
| ➢ | အလယ်တန်း | ၁ ဦး |
| ➢ | အထက်တန်း | |

ပညာတတ်မြောက်မှု

| | | |
|---|---|---|
| ➢ | ဘွဲ့ရ | |
| ➢ | အထက်တန်းအောင် | |
| ➢ | အထက်တန်း | |
| ➢ | အလယ်တန်း | |
| ➢ | မူလတန်း | |
| ➢ | ပညာမတတ် | |
| ➢ | အသုံးလုံး | |

ကျန်းမာရေး

| | | |
|---|---|---|
| ➢ | ဆေးခန်း | |
| ➢ | အရံသားဖွား | |
| ➢ | ဆေးဆရာ | |
| ➢ | သူနာပြု | |
| ➢ | တိုင်းရင်းဆေး | |
| ➢ | အရပ်လက်သည် | |
| ➢ | ဘိန်းတော | |

ကျန်းမာရေးဆိုင်ရာအခြေအနေ

| | | |
|---|---|---|
| ➢ | အိမ်သာအသုံးပြုသောမိသားစု | |
| ➢ | အဖြစ်များသောရောဂါများ | |

မသန်မစွမ်း

| | | |
|---|---|---|
| ➢ | ခြေတစ်ဘက် | ၁ ဦး |
| ➢ | ခြေနစ်ဘက် | |
| ➢ | ခါးကုန်း | |
| ➢ | ပိုလီယိုမသန်စွမ်း | |
| ➢ | ဆွံ့အ | |
| ➢ | နားမကြား | ၂ ဦး |
| ➢ | မျက်မမြင် | ၂ ဦး |
| ➢ | လေဖြတ် | |
| ➢ | | |

Scanned by CamScanner

အလုပ်အကိုင် ဆိုင်ရာများ

- တောင်သူ
- ထန်းတက်သူ
- ပန်းရံ/လက်သမား
- စက်ပြင်သူ ၂ ဦး
- လက်မှုပညာလုပ်ကိုင်သူ
- ထန်းသားဖျင်သူ
- ကျောက်ထုသူ
- မုန့်လုပ်သူ
- အကြော်ကြော်ရောင်းသူ ၂ ဦး
- ယက္ကန်းယက်သူ ၃ ဦး
- ပန်းဘဲပြုလုပ်သူ
- ရေနံဖော်သူ
- စက်ချုပ်သူ
- ကားလုပ်ငန်း
- ဈေးဆိုင်

Scanned by CamScanner

## ပြဿနာသစ်ပင်၏ ဖြေရှင်းချက် အစီရင်ခံစာ

၁။ ကျန်းမာရေး

ကျန်းမာရေးဆိုသည်မှာ အဓိက သောက်သုံးရေ မသန့်ရှင်းမှု။

၂။ လက်ရှိသောက်သုံးရေမှာ ထုံးခါတ်များ ပါဝင်မှု။

၃။ လက်ရှိဆည်ရေမှာ ဆားငန်ရေဖြစ်နေမှုကြောင့် သီးနှံပင်များ မသန့်မစွမ်းဖြစ်ပြီး အာဟာရဓာတ်မပြည့်စုံသော သီးနှံများ စားရခြင်းကြောင့် လူများမှာ အာဟာရ မပြည့်စုံ၍ ဉာဏ်ရည်မဖွံ့ဖြိုးမှုဖြစ်သည်။

၄။ ကျွန်တော်တို့ကျေးရွာမှာ ကျေးလက်ဆေးပေးခန်း မရှိခြင်းကြောင့် ကျန်းမာရေးနှင့်ပတ်သက်လာရင် မြို့များသွားရောက်ကုသရပါသည်။

၅။ ကျွန်တော်တို့ကျေးရွာမှာ ကျေးလက်ဆေးပေးခန်းလိုအပ်ပါသည်။ ဆေးပေးခန်းရှိမှသာလျှင် မြန်မြန်ဆန်ဆန်ကုသနိုင်ပါသည်။

ကျန်းမာရေးကောင်းမှကျေးရွာသူကျေးရွာသား စီးပွားတိုးတက်လာသည်။ ပညာရေးလည်းသင်ကြားနိုင်မည်။ ပညာတတ်မှ လူ့အဆင့်အတန်းလည်း မြင့်မားလာမှာဖြစ်သည်။ လူမှုဘဝမြင့်မားလာရန်အတွက် ဤသစ်ပင်နှင့် နှိုင်းယှဉ်ရရင် သစ်ပင်သည် မြေဆီကောင်းမှ မိုးရေသောက်သုံးရမှ အကိုင်းအခက်အသီးအပွင့်အောင်မြင်သလို ကျွန်တော်တို့ ရွာသူရွာသားများလည်း ကျန်းမာမှဘာသာရေး၊ လူမှုရေး၊ ပညာရေးစီးပွားရေး အစစအရာရာ ဘက်စုံတိုးတက်လာမှာဖြစ်သည့်အတွက် ပြဿနာသစ်ပင်၏ အစီရင်ခံစားကို ရေးသားတင်ပြလိုက်ပါသည်။

| | |
|---|---|
| အစီရင်ခံစာရေးသားသူ | - ဦးသိန်းကြွယ် |
| | -မချိုဝင်း |
| ကျေးရွာအုပ်ချုပ်ရေးမှူး | -ဦးဝင်းမြိုင် |
| အဖွဲ့ဝင် | -ဦးစိန်အောင် |
| အဖွဲ့ဝင် | -ဦးအောင်ပေါ |
| အဖွဲ့ဝင် | -ဦးဖိုးချို |

Scanned by CamScanner

## လူမှုရေးနှင့်အရင်းအမြစ်ပြ မြေပုံ၏ အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မန်ကျီးကန်ကျေးရွာအုပ်စု၊ လယ်တီကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲဖော်ပြလိုက်သောအခါ လယ်တီရွာသည် မြိုင်မြို့နယ်၏ မြောက်ဘက်မှ(၈)မိုင်ကွာဝေးပြီး မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဇဟင်းရွာ ကားလမ်းမကြီးနှင့် မန္တလေးမြို့သို့ သွားလာနေသော ထွန်းမြရတနာလမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ ပထဝီဝင် အနေအထားရမှာ မညီညာသော နေရာဖြစ်ပြီး ရွာ၏ အရှေ့ဘက်ခြမ်းမှာ မြေနိမ့်ပိုင်းဖြစ်ပါကြောင်း နှင့် အကြောင်းအရာလိုက် တင်ပြလိုက်ပါသည်။

၁။ ပညာရေး

၂။ ကျန်းမာရေး

၃။ စီးပွားရေး

၄။ ယုံကြည်ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာ

၅။ သစ်တောနှင့် သဘာဝထန်းတောများနှင့် တောင်သူလယ်ယာအရင်းအမြစ်ပါသည်ဟူ၍ တင်ပြပါသည်။

လယ်တီကျေးရွာ၏ လူမှုရေးနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၏ အထက်အကြောင်းအရာ (၆)ခုကို ပြည့်စုံစွာ ဖော်ပြနိုင်ရန် လယ်တီကျေးရွာ၏ အဖိုးအဖွားများနှင့် ရပ်ရွာသူရပ်ရွာသားများ နှင့်တကွ ဆွေးနွေး၍ လယ်တီကျေးရွာ၏ အရင်းအမြစ်ကို ဖော်ပြပါသည်။ ကျွန်တော်တို့ လယ်တီ ကျေးရွာတွင် ရှေးယခင်က သီရိဓမ္မာသောကမင်းလက်ထက်တော်က စေတီပေါင်း ရှစ်သောင်းလေး ထောင်၊ ရေကန်ပေါင်းရှစ်သောင်းလေးထောင်ဆိုတဲ့ သမိုင်းဝင်ရွှေကူသာမြတ်စွာဘုရားကြီး လယ်တီ၊ သဖန်းကန်၊ ရွာသာအေး၊ ကြက်မောက်၊ ရွာသစ်ကုန်း(၅)ရွာပိုင် ဆိုင်ခဲ့ပါသည်။

ရွှေကူသာမြတ်စွာဘုရားကြီး၏ အရှေ့မြောက်ဘက်တွင် သမိုင်းဝင်ရေကန်တစ်ခု တည် ထားပြီး ၎င်းနောက်တွင် ရွာ၏တောင်ဘက်တွင် ချိုင့်ဝှမ်းသောကြောင့် မြေများမှာ နုံးမြေ မြေစီးဖြစ် ၍ မင်းကြီးက ဘုရားကြီးတည်ဆောက်ရန် ရွာသူရွာသားများခေါ်၍ သဲအုပ်လုပ်နိုင်း၍ မြေအနေအထားကောင်းတယ်ဆိုပြီး ရွာသူရွာသားများကို ၎င်းနေရာ လယ်တီကြပါဟု မိန့်တော်မူ ခဲ့သည်ကို အကြောင်းပြု၍ လယ်တီကျေးရွာဟု အမြည်တွင်ခဲ့ပါသည်။

Scanned by CamScanner

၁။ ပညာရေး

ကျွန်တော်တို့ကျေးရွာမှာ ရှေးယခင်ကရွာ၏ မြောက်ဘက်မှာ တောရကျောင်းတစ်ကျောင်း နှင့် ရွာ၏ အနောက်ဘက်မှာ တောရကျောင်းတစ်ကျောင်းရှိပါသည်။ ၎င်းကျောင်းထိုင်ဆရာတော်ကြီးများထံမှာ ဘုန်းကြီးကျောင်းစာအဖြစ် သင်ယူခဲ့ကြရသည်။

၎င်းနောက် လယ်တီကျေးရွာ ရဟန်းဒါယကာကြီး ဦးတက်နှင့် ရဟန်းဒါယိကာမကြီး ဒေါ်မေယု တို့ မွေးဖွားသော ဆရာတော် ဦးနန္ဒောဘာသ ဟု ဆရာတော်တစ်ပါး ပေါ်ထွန်းခဲ့သည်။ ဆရာတော်၏ ငယ်နာမည်မှာ မောင်ညို ဖြစ်ပါသည်။ ဆရာတော်သည် သူ့ရဲ ဆရာများပေးအပ်ခဲ့သော ကျောင်းများကို မထိုင်ဘဲနဲ့ ရွာဦးကိုဘဲ ကျောင်းနေလိုချင်တယ်ဟု မိန့်လာလိုက်တဲ့အခါမှာ ရဟန်ဒါယကကြီး ဦးဘညွန့် နှင့် ဒေါ်အေးမေ တို့က ကျောင်းနေရာကို ဆရာတော်လိုသလောက် လှူဒါန်းခဲ့ပြန်ပါသည်။ ဆရာတော်သည် ပျဉ်ကာ၊ ဝါးကပ်မိုးကျောင်းနှင့် သီတင်းသုံးပြီး ရပ်သူရပ်သားများကို ပညာများ ဆက်လက်သင်ကြားပါသည်။

ဆရာတော်သည် သားတပြည့်အဖြစ် ရဟန်း(     )ပါး ကျန်ရှိခဲ့ပါသည်။ လက်ရှိကျောင်းထိုင်ဆရာတော်အဖြစ် ဦးဇနဝဒ အား ကျောင်းထိုက်အဖြစ် လွှဲအပ်ခဲ့ပြီး ဦးဇနဝဒ မှာလဲ ဆရာတော်ကြီး အမွေအနှစ်အဖြစ် ရွာထဲက ကလေးများကို ဆက်လက်၍ ပညာသင်ကြားပေးနေပါသည်။

ကျွန်တော်က လယ်တီကျေးရွာမှာ ယခုခေတ်ကျမှ မူကြို၊ မူလတန်း၊ မူလတန်းမှ မူလွန် အဖြစ် ရောက်လာအောင် လယ်တီကျေးရွာမှ-

| | |
|---|---|
| ကျောင်းအုပ်ကြီး | ဦးစိန်သောင်း |
| ကျေးရွာအုပ်ချုပ်ရေးမှူး | ဦးတင်မောင် (သန်း) |
| ကျောင်းအကျိုးတော်ဆောင် များ | ဦးကျော်မြင့် |
| | ဦးတင်မောင်စိန် |
| | ဦးမြင့်လှိုင် |
| | ဦးမြင့်အေး |
| | ဦးသိန်းကြွယ် |

၎င်းပုဂ္ဂိုလ်များနှင့် ရွာသူရွာသားများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။ ယခုလက်ရှိကျောင်း ဆောင်ကို(၁၀)တန်းကျောင်းဆောင်အဖြစ် မျှော်မှန်းပြီး ကျောင်းဆရာကြီးနှင့် အုပ်ချုပ်ရေးမှူး ဦးဝင်းမြိုင်

Scanned by CamScanner

နှင့် ရပ်မိရပ်ဖနှင့်တကွ ကျောင်းအကျိုးတော်ဆောင်များနှင့် ရွာသူရွာသားများက လက်ရှိ ကျောင်းဆောင်သစ် ပေ(          )အကျယ်အဝန်းနှင့် ဆောက်လုပ်ဆဲ ဖြစ်ပါသည်။

၂။ ကျန်းမာရေး

ကျွန်တော်တို့ လယ်တီကျေးရွာမှာ ရှေးယခင်ကတည်းက ဆရာဝန် ဆရာမ ဆေးခန်း မရှိခဲ့ပါ။ ရှေးယခင်က ဘိန်းတောဆရာနစ်ပါးနှင့် ကုသခဲ့ရပါသည်။ ကျန်းမာရေးနှင့်ပတ်သက်လာရင် ကျွန်တော်တို့ရွာမှာ ရှိတဲ့ ရေများမှာ ထုံးဓာတ်များသော ဆားငန်ရေများ ဖြစ်ပါသည်။ လက်ရှိ စက်ရေတွင်းနှင့် တပိုင်တနိုင်ရေတွင်းများလည်း ဆားငန်ရေနှင့် ရောယှက်သောကြောင့် ရေများ မကောင်းပါ။ ကျွန်တော်တို့ ရွာသူရွာသားများမှာ များသောအားဖြင့် ဝမ်းပျက်ဝမ်းလျောရောဂါ အဖြစ်များပါသည်။ ကျွန်တော်တို့ လယ်တီကျေးရွာမှာ ကျေးလက်ဆေးပေးခန်းနှင့် သောက်သုံးရန်အတွက် သန့်ရှင်းသောရေလိုအပ်ပါသည်။

**စီးပွားရေး**

ကျွန်တော်တို့ လယ်တီကျေးရွာမှာ တောင်သူလယ်ယာနှင့် ထန်းတက်၊ ဈေးရောင်း အခြားမြို့သွားရောက်လုပ်ကိုင်နှင့် လက်လုပ်လက်စားနှင့် အသက်မွေးဝမ်းကြောင်း လုပ်ရပါသည်။ တောင်သူဦးကြီးများမှာ မြေအမျိုးမျိုးနှင့် လုပ်ကိုင်ရပါသည်။ မြေအမျိုးအစားမှာ ကျောက်စရစ်မြေ ကျွှာမြေ၊ ဖွတ်ချေး၊ အုတ်မို့၊ သဲ၊ နုံးမြေ၊ မြေမ မြေများဖြစ်သည့်အတွက် အများစုမှာ မြေအစိုဓာတ် မထိန်းသိမ်းနိုင်ပါ။ ကျွန်တော်တို့ဒေသမှာ မကွေးတိုင်းအလယ်ပိုင်းဖြစ်သည့်အတွက် အပူချိန် မြင့်မားပြီး မိုးရေများ ခမ်းခြောက်လွယ်ပါသည်။ ဆည်ရေအမီပြု သုံးသော်လည်း ဆည်ရေသည် ဆားငန်ရေ ဖြစ်သည့်အတွက် လယ်မြေများမှာ ပျက်စီးနေပါသည်။ မြေဆီဆေး ဆေးဈေးတွေက မြင့်မားသဖြင့် တောင်သူများမှာ အမြတ်မရှိပါ။ လုပ်အားခကြေးငွေ အဆမတန် ဈေးကြီးပါသည်။ တောင်သူတစ်ဦးလျှင် ဝင်ငွေ(၁၀၀)ရာခိုင်နှုန်း ဝင်သော်လည်း ထွက်ငွေမှာ (၉၀) ရာခိုင်နှုန်း နုတ်လိုက်လျှင် တောင်သူမှာ အရှုံးနှင့် ရင်ဆိုင်နေရပါသည်။ ထန်းတက်သမားမှာလည်း အရင်းအနှီးဈေးမြင့်မားတော့ ထန်းကို ဆက်လက်၍ ထန်းမတက်နိုင်သဖြင့် အခြားမြို့များကို ပြောင်းရွှေ့ပြီး ရရာအလုပ်ကို လုပ်ကိုင်နေကြသော်လည်း ဝင်ငွေနှင့် ထွက်ငွေနည်းပါးလွန်းသဖြင့် မိသားစု စားဝတ်နေရေး အဆင်မပြေကြပါ။ ရွာမှာ နေထိုင်လျှက်ရှိတဲ့ ဈေးသည်များမှာလည်း ကုန်းဈေးနှုန်းက မြင့်များတော့ အရင်းအနီးကြီးပြီး အမြတ်က နည်းနေပါသဖြင့် မိသားစု စားဝတ်နေရေးမှာလည်း အဆင်မပြေကြပါ။

Scanned by CamScanner

## ယုံကြည်ကိုးကွယ်မှုနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာ


ကျွန်တော်တို့ လယ်တီကျေးရွာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ရှေးယခင်ကဆိုလျှင် ဘုရားတည်၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ရေတွင်း၊ ရေကန်တူး၍ လှူဒါန်းကြပါသည်။ ယခင်ရှေးက ကျွန်တော်တို့ ရွာမှာဆိုလျှင် ဆရာတော်ကြီး ဩဝါဒနှင့်အညီ လိုက်နာ၍ ယဉ်ယဉ်ကျေးကျေး ရှိပါ ယခုခေတ်ကျတော့မှ ရွာမှာ စီးပွားရေး အဆင်မပြေမှုကြောင့် အခြားမြို့ရွာများ သွားရောက်ပြီး စီးပွားရှာရာမှ လူမျိုးကွဲနှင့် အိမ်ထောင်ဖက်ကြ၍ လူမျိုးကွဲလည်း ရှိနေပါသည်။ သို့သော်လည်း ယဉ်ကျေးမှုသင်တန်းကျောင်း မရှိပါ။ ရွာဦးကျောင်းဆရာတော်ကနေပြီး ရွာမှာရှိတဲ့ လူငယ်ကလေး များကို ယဉ်ကျေးလိမ္မာရှိအောင် သင်ကြားပို့ချပေးပါသည်။ ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ခြင်း နှင့် ရွာဦးကျောင်းမှာလဲ ဆရာတော်ကြီးနှင့်တကွ လက်ရှိ ဆရာတော် ဦးဇနဝဒ မှ ရွာသူရွာသား များပူးပေါင်း၍ တည်ထားကိုးကွယ်လျှက်ရှိပါသည်။ ရှေးယခင်ကတည်းက ရှိတဲ့ ယဉ်ကျေးမှု အမွေးအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းသွားကြပါသည်။

### သစ်တောနှင့်သဘာဝထန်းတောများ အရင်းအမြစ်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မန်ကျီးကန်အုပ်စုဝ လယ်တီကျေးရွာမှာ ရှေးယခင် ရွာ၏အရှေ့ဘက် ကုန်းကျော်လျှင် သစ်တော်များ ထူထပ်စွာပါသည်။ ရွာ၏ပတ်ပတ်လည်မှာလဲ ထန်းတောများ ထူထပ်စွာရှိပါသည်။

မိုးခေါင်ရေရှားပါးမှုကြောင့် သစ်ပင်များလည်းသေဝ ထန်းပင်များလည်း သေဖြစ်ခဲ့ပါသည်။ လူဦးရေထူထပ်လာတော့ သစ်တောများရှင်းလင်း ၍ မြေများကို ယာမြေလုပ်ကိုင်သူ လုပ်၊ သနပ်ခါးစိုက်ခင်များ စိုက်ကြပါသည်။ ထန်းပင်များကိုလည်း တူးလှဲကြ၍ သနပ်ခါးစိုက်ကြသည်။ မိုးခေါင် ရေရှားသဘာဝဘေးအန္တရာယ်ကျလာပါသည်။ သဘာဝအရင်းအမြစ်ဖြစ်တဲ့ သစ်တောများ ပြန်လည်ထူထပ်လာအောင် စိုက်ပျိုးကြမှသာလျှင် နိုင်ငံတော်အတွက်ရော ကျွန်တော်တို့ကျေးရွာ အတွက်ပါ အကျိုးရှိလာမှာပါ။ သစ်တောရှိမှ သဘာဝဘေးအန္တရာယ်ကင်းဝေးပြီး မိုးများလည်း ရွာသွန်းလာမှာ ဖြစ်ပါသည်။ မိုးရွာမှ တောင်သူလယ်ယာထွန်းကားပြီး စားဝတ်နေရေး အဆင်ပြေ လာမှာ ဖြစ်ကြောင်းကို လူမှုရေးအရင်းအမြစ်မြေပုံ အစီရင်ခံစာတင်ပြလိုက်ရပါသည်။

Scanned by CamScanner



Scanned by CamScanner

လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်းနှင့် အစီရင်ခံစာ ရေးသားခြင်း အဖွဲ့ဝင်များ

| | | |
|---|---|---|
| ၁။ | ရပ်မိရပ်ဖ | ဦးသိန်းကြွယ် |
| ၂။ | ရပ်ရွာအုပ်ချုပ်ရေးမှူး | ဦးဝင်းမြိုင် |
| ၃။ | အဖွဲ့ဝင်များ | ဦးအောင်ပေါ် |
| ၄။ | အဖွဲ့ဝင်များ | ဦးဖိုးချို |
| ၅။ | အဖွဲ့ဝင်များ | ဦးစန်းအောင် |
| ၆။ | တွဲဖက်ရေးဆွဲသူ | ဦးကျော်လှိုင် |
| ၇။ | တွဲဖက်ရေးဆွဲသူ | ဦးတင်ငွေ (ကြီး) |
| ၈။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးစံတင် |
| ၉။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးထွား |
| ၁၀။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးဖိုးချို |
| ၁၁။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးကြွားလေး |
| ၁၂။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးစိန်ဝင်း |
| ၁၃။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးဝင်းမြိုင် |
| ၁၄။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးတင်ငွေ (လေး) |
| ၁၅။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးမြင့်ငွေ |
| ၁၆။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးကျော်ထွေး |
| ၁၇။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးတင်လေးဇော် |
| ၁၈။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးအောင်ရှင် |
| ၁၉။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးဝင်းမောင် |
| ၂၀။ | ကျေးရွာဆယ်အိမ်မှူးများ | ဦးဌေးမြင့် |

Scanned by CamScanner

# ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ၏ အစီရင်ခံစာ

၁။ ကျွန်တော်တို့ လယ်တီကျေးရွာ၏မြောက်ဘက်မှာ ထွန်းမြရတနာလမ်းမကြီး တည်ရှိပါသည်။ ၎င်းလမ်းမကြီးမှာ မြေသားလမ်း ဖြစ်ပါသည်။ ဤလမ်းမကြီးနှင့် ဆက်စပ်ပြီး လယ်တီမှ ကုန်းဘလူရွာသို့ (၂)မိုင်၊ ကုန်းဘလူရွာမှ ရွှေလင်းဆွဲရွာသို့(၃)မိုင်ခန့် ကွာဝေးပြီး မန္တလေးမြို့သို့ သွားနိုင်ပါသည်။

၂။ လယ်တီရွာမှ တောင်ဘက်သို့ သွားလာရာလမ်းမကြီး ရှိပါသည်။ လယ်တီမှ ရွာသာအေးရွာသို့ (၁)မိုင်၊ ရွာသာအေးမှ မင်းသားကျရွာ(၂)မိုင်ခန့် မင်းသားကျရွာမှ ကန်ကြီးတောရွာသို့ (၂)မိုင်ခန့်၊ ကန်ကြီးတောရွာမှ မြိုင်မြို့သို့(၃)မိုင်ခန့် လယ်တီရွာမှ မြိုင်မြို့သို့ (၈)မိုင်ခန့် ကွာဝေးပါသည်။ မြိုင်မြို့မှ ပခုက္ကူမြို့သို့(၂၉)မိုင်ခန့် ကွာဝေးပါသည်။


၃။ လယ်တီရွာ၏ အနောက်ဘက်မှာ မြိုင်-ချောင်းဆုံလမ်းမကြီး ရှိပါသည်။ လယ်တီရွာမှ မန်ကျီးကန် မှ သံဘိုကြီးရွာသို့ (၂)မိုင်ခန့် သံဘိုကြီးရွာမှ ချောင်းဆုံရွာသို့ (၅)မိုင်ခန့် ကွာဝေးပါသည်။

၄။ လယ်တီကျေးရွာမှ မြောက်ဘက်သို့ ကျေးရွာချင်းဆက်လမ်း ရှိပါသည်။ လယ်တီမှ နဂါးပွတ်ရွာသို့ (၁)မိုင်၊ နဂါးပွတ်ရွာမှ မြောက်ဆည်ရွာသို့ (၂)မိုင်ခန့် မြောက်ဆည်ရွာမှ သမင်ချောက်ရွာသို့ (၃)မိုင်ခန့်ကွာဝေးပြီး လယ်တီရွာမှ ဘုန်းကြီးကန်ရွာသို့ (၉)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ လယ်တီကျေးရွာမှ ဆက်သွယ်ထားသော လမ်းမကြီးများမှာ မြေသားလမ်း ဖြစ်ပါသည်။

၎င်းမြေသားလမ်းများမှာ ကောင်းမွန်ခြင်းမရှိပါ။ လယ်တီကျေးရွာမှ ဆက်သွယ်သော လမ်းမကြီးများကို ကျောက်ခင်းမြေနီလမ်းအဆင့်သို့ ပြောင်းလဲပြီး ပြုပြင်ကောင်းမွန်ချင်ပါသည်။

Scanned by CamScanner

# လယ်တီကျေးရွာ၊ဆက်သွယ်ရေး၊လမ်းပြမြေပုံ





မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆိပ်ကျည်းကန်အုပ်စု၊ ကသော်ကဝိ ကျေးရွာ မြေပုံ

| | | |
|---|---|---|
| ဒေသကူသာမြတ်စွာဘုရား | အခြေခံ စာသင်ကျောင်း | စမ်းချောင်း |
| ဘုန်းကြီးကျောင်း | သောက်ရေတွင်း | ထွန်းမြရတနာ လမ်း |
| ဘုန်းကြီးကျောင်းဟောင်း | စက်ရေတွင်း | ကျေးရွာလမ်းမကြီး |
| ရေကန် | ရေလွှဲဆည် | လမ်းသွယ်၊ လမ်းခွဲ |

Scanned by CamScanner

## ဝန်ဆောင်မှုနှင့်အခွင့်အလမ်းပြမြေပုံ အစီရင်ခံစာရေးသားခြင်း ပံ့ပိုးသူများ

| | |
|---|---|
| အစီရင်ခံစာရေးသားသူ | ဦးသိန်းကြွယ် |
| | မချိုဝင်း |
| ပံ့ပိုးသူများ | |
| အုပ်ချုပ်ရေးမှူး | ဦးဝင်းမြိုင် |
| ဆယ်အိမ်မှူးများ | ဦးစံတင် |
| ဆယ်အိမ်မှူးများ | ဦးထွား |
| ဆယ်အိမ်မှူးများ | ဦးကြွား |
| ဆယ်အိမ်မှူးများ | ဦးအောင်မိုး |
| ဆယ်အိမ်မှူးများ | ဦးတင်ငွေ (မြင့်) |
| ဆယ်အိမ်မှူးများ | ဦးအောင်ရှင် |
| ဆယ်အိမ်မှူးများ | ဦးဖြိုး |
| ဆယ်အိမ်မှူးများ | ဦးဖိုးချို |
| ဆယ်အိမ်မှူးများ | ဦးတင်လေးဇော် |
| ဆယ်အိမ်မှူးများ | ဦးဌေးမြင့် |

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ မန်ကျည်းကန်အုပ်စု၊ လယ်တီကျေးရွာ

## ရာသီခွင်ပြဇယားနှင့် အစီရင်ခံစာ

၁။ မန်ကျည်းကန်အုပ်စု၊ လယ်တီကျေးရွာသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်း မိုးခေါင်ရေရှားဒေသဖြစ်၍ ကျွန်တော်တို့ ကျေးရွာမှာဆိုလျှင် အလွန်ပူပြင်းခြောက်သွေ့ပါသည်။ ရာသီဥတုအပူလွန်ကဲမှုကြောင့် တန်ခူးလမှာ မျက်ခမ်းစပ်ရောဂါ၊ ဝမ်းပျက်ဝမ်းလျောရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါများဖြစ်လေ့ဖြစ်ထ ရှိပါသည်။

၂။ ကဆုန်လမှာဆိုလျှင် ရာသီပွဲတော်ဖြစ်သည့် ညောင်ရေသွင်းပွဲနှင့် ဘုရားပွဲ ရှိပါသည်။ ရာသီဥတုအခြေအနေမှာဆိုလျှင် နေပူရှိန်မြင့်မားပါသည်။ တခါတရံ မိုးများအနည်းငယ်ရွာသွန်းပါသည်။ မိုးအနည်းငယ်ရွာသွန်းသည့်အတွက် တိရိစ္ဆာန်များမှာဆိုလျှင် ရောဂါများကျရောက်ပါသည်။ ကျရောက်သည့်ရောဂါများမှာ နွားခွါနာ၊ လျှာနာ၊ ပေါင်ပုတ်၊လက်ပုတ်၊ သရက်ရွက်ကြီးရောဂါများ ဖြစ်တတ်ပါသည်။ အခြားတိရိစ္ဆာန်များလည်း ကြက်များမှာ ကြက်လည်လိမ်ရောဂါဖြစ်ပါသည်။ အခြားတိရိစ္ဆာန်များမှာလည်း ထိုနည်းတူစွာရောဂါများ ကျရောက်ပါသည်။

၃။ နယုန်လမှာ မိုးဦးများစ၍ ရွာသွန်းပါသည်။ တောင်သူဦးကြီးများမှာ ယာမြေများကို ထွန်ရေးပြင်ကြ၍ တချို့မှာ မြေပဲနှင့်နှမ်းများကို အနည်းငယ် စိုက်ကြပါသည်။

၄။ ဝါဆိုလမှာ ဝါဆိုပွဲ ကျေးရွာသူကျေးရွာသားများက ဝါတွင်းသုံးလမှာ သီတင်းသီလ ဆောက်တည်ကြပါသည်။ တောင်သူဦးကြီးတို့က လယ်မြေများ စိုက်ပျိုးရန်အတွက် ပျိုးများ ကျဲကြပါသည်။

၅။ ဝါခေါင်လမှာ မိုးဖြိုင်ဖြိုင်ရွာသွင်းသည့်အတွက် တောင်သူဦးကြီးတို့မှာ ပေါင်းသင်းမြေဆွ၊ မြေဆီကြွေးခြင်းလုပ်ငန်းများ လုပ်ကြပါသည်။ ၎င်းနောက် လယ်မြေများကို စပါးသီးနှံများ စိုက်ပျိုးပါသည်။ သီးထပ်သီးညပ်များလည်း စိုက်ကြပါသည်။

၆။ တော်သလင်းလမှာ ဆည်ရေသောက် စိုက်လယ်အဖြစ်လည်း စိုက်ပျိုးနေကြသည်။ တော်သလင်းလမှာ ဆည်ရေရရှိသည့်အတွက် ခြင်များပေါ၍ သွေးလွန်တုပ်ကွေးများ ဖြစ်ကြပါသည်။ မိုးဖြိုင်ဖြိုင်ရွာသွန်းသည့်အတွက် စားပင်၊ သီးပင်များ သစ်ပင်ပန်းမံများ မြိုင်မြိုင်ဆိုင်ဆိုင်ရှိသောလ ဖြစ်ပါသည်။

၇။ သီတင်းကျွတ်လမှာ ကျွန်တော်တို့ကျေးရွာသူကျေးရွာသားများသည် သီတင်းကျွတ်ဘုရားပွဲတော်များနှင့် ဘာသာရေးလုပ်ငန်းများကိုလည်း လုပ်ကြသည်။ တောင်သူဦးကြီးတို့မှာ မြေပဲများဖော်ထုတ်ခြင်း၊ ဆောင်းသီးနှံအဖြစ် ကုလားပဲများ စိုက်ပျိုးခြင်းတို့ကို လုပ်ဆောင်ကြပါသည်။

Scanned by CamScanner

၈။ တန်ဆောင်မုန်းလမှာ ကျွန်တော်တို့လယ်တီကျေးရွာသူကျေးရွာသားများမှာ ကထိန်ပွဲများ ခင်းခြင်း၊ ဆရာသမားများကို မိမိလယ်ယာမြေမှ ထွက်ရှိသော သီးနှံများနှင့် ကန်တော့ပွဲများ ပြုလုပ်ကြပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးအကုန် ဆောင်းအကူး ဖျားနာခြင်းများဖြစ်ပါသည်။

၉။ နတ်တော်လမှာ ရိုးရာပွဲများ ပြုလုပ်ခြင်း၊ နတ်ပွဲများပြုလုပ်ပါသည်။ သားရှင်ပြုအလှူတော်ပွဲများလည်း ပြုလုပ်ပါသည်။ ရာသီဥတုဖေါက်ပြန်မှုကြောင့် မိုးများကလည်း ရွာသွန်းတတ်ပါသည်။ တော်သူဦးကြီးတို့မှာ သက်လက်စပါးနှင့်သက်ကြီးစပါးများလည်း ရိတ်သိမ်းသော လဖြစ်ပါသည်။

၁၀။ ပြာသိုလမှာ ကျွန်တော်တို့ကျေးရွာမှာဆိုလျှင် အလှူပွဲ၊ မင်္ဂလာပွဲများနှင့် စည်ကားသောကာလဖြစ်ပါသည်။ ခြေတိုလက်တို လပြာသို ဟု ဆိုရိုးစကားအတိုင်း အအေးလွန်သော လဖြစ်ပါသည်။ သက်ကြီးရွယ်အိုများမှာ ကျန်းမာရေးနှင့်ပတ်သက်၍ ထိကိုက်လွယ်သော လဖြစ်ပါသည်။ ဆီးနှင်းများလည်း လွန်ကဲသောလဖြစ်ပါသည်။

၁၁။ တပို့တွဲလ ကျွန်တော်တို့ကျေးရွာမှာဆိုလျှင် သီးနှံများကို သိမ်းဆည်း၍ပြီးသော လဖြစ်ပြီး နေပူရှိန်လည်းပြန်၍ မြင့်တတ်လာသော လဖြစ်ပါသည်။ တောင်သူဦးကြီးတို့မှာ နောက်တစ်ရာသီအတွက် မြေများကို ပေါင်းမြက်များ ရှင်းလင်းများရှင်းလင်းခြင်း၊ သဘာဝနွားချေးများ ယာထဲသို့ ပို့ခြင်းအမှု ပြုလုပ်သောလဖြစ်ပါသည်။

၁၂။ တပေါင်းလထန်းတက်သမားဦးကြီးတို့မှာ ထန်းများပြုလုပ်ခြင်း လောင်စာအဖြစ် ရာဖွေသိမ်းဆည်းသော လဖြစ်ပါသည်။ ကျေးရွာသူကျေးရွာသားများမှာ အပူလွန်ကဲသောလဖြစ်သောကြောင့် ကျန်းမာရေးထိခိုက်လွယ်သော လဖြစ်ပါသည်။ တိရိစ္ဆာန်များ ဆားငံရေသောက်သုံးရသည့်အတွက် အူပေါ်ရေလျှံရောဂါ ကြရောက်ပါသည်။ အခြားတိရိစ္ဆာန်များလည်း ထိုနည်းတူစွာဖြစ်ပါသည်။ တပေါင်းလသည် ရေးဆိုရိုးစကားအတိုင်း လသရန်းဖြစ်သည့်လဖြစ်၍ လူများလည်း ကျန်းမာရေးထိခိုက်သောလဖြစ်ပါသည်။

Scanned by CamScanner

ဤတစ်ဆယ့်နစ်လရာသီခွင်ပြဇယား ရေးဆွဲခြင်းကို ကျေးရွာအဖွဲ့အစည်းများနှင့် ရွာသူရွာသားများနှင့် တိုင်ပင်၍ ရေးဆွဲခဲ့ပါသည်။

| | |
|---|---|
| ရပ်မိရပ်ဖ | - ဦးသိန်းကြွယ် |
| အုပ်ချုပ်ရေးမှူး | - ဦးဝင်းမြိုင် |
| အဖွဲ့ဝင် | - ဦးအောင်ပေါ် |
| အဖွဲ့ဝင် | - ဦးစိန်အောင် |
| အဖွဲ့ဝင် | - ဦးဖိုးချို |
| ဆယ်အိမ်မှူးများ | - ဦးဝင်းမြိုင် |
| ဆယ်အိမ်မှူးများ | - ဦးစိန်ဝင်း |
| ဆယ်အိမ်မှူးများ | - ဦးဖိုးချို |
| ဆယ်အိမ်မှူးများ | -ဦးဉာဏ်တင့် |
| ဆယ်အိမ်မှူးများ | - ဦးတင်ငွေ |
| ဆယ်အိမ်မှူးများ | - ဦးအောင်မိုး |
| ဆယ်အိမ်မှူးများ | - ဦးအောင်ပေါ် |
| ဆယ်အိမ်မှူးများ | - ဦးထွား |
| ဆယ်အိမ်မှူးများ | - ဦးကြွား |
| ဆယ်အိမ်မှူးများ | - ဦးကျော်ထွေး |
| ဆယ်အိမ်မှူးများ | - ဦးဝင်းမောင် |
| ဆယ်အိမ်မှူးများ | - ဦးဌေးမြင့် |
| ဆယ်အိမ်မှူးများ | - ဦးတင်လေးဇော် |
| ဆယ်အိမ်မှူးများ | - ဦးအောင်ရှင် |

Scanned by CamScanner

လယ်ပတ်ကျေးရွာ၊ ရာသီခွင်ပြဇယား

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | |
| ၂။ | စိုက်ပျိုးရေး | | | | | | | | | | | | |
| ၃။ | ကျရောက်သောပိုးမွှား | | | | | | | | | | | | |
| ၄။ | မွေးမြူရေး | | | | | | | | | | | | |
| ၅။ | ကျရောက်တတ်သောရောဂါ | | ဂေါး ဘက်နာ | ဒါနာ ကျောနာ | ကြက်နာ | ဝဲရောဂါ | ဆီးချုပ်ရောဂါ | | | | | | |
| ၆။ | ပွဲတော် | သင်္ကြန် | ဗုဒ္ဓပူဇော်ပွဲ | | ဝါဆိုပွဲ | | | မီးထွန်းပွဲ | ကထိန်ပွဲ | | | | |
| ၇။ | ကျန်းမာရေး | ဝမ်းပျက်ဝမ်းလျှော | ဝမ်းပျက်ဝမ်းလျှော | | သွေးလွန်တုပ်ကွေး | | ဖျားနာ | | နှာစေး | အအေးမိ | ချောင်းဆိုး | | |

အညွှန်း

| | |
|---|---|
| နေအလွန်ပူ | ထွန်ယက်ချိန် |
| နေပူ မိုးဖွဲ | စိုက်ပျိုးချိန် |
| နေပူ မိုးများ | ဖြစ်ထွန်းချိန် |
| နေပူ | ဖြစ်ထွန်း ရိတ်သိမ်း |

Scanned by CamScanner